# COVID-19 (ကိုရိုနာဗိုင်းရပ်စ်) နှင့် အလုပ်သမားများအတွက် အလုပ်လက်မဲ့အာမခံကြေး

**မေးခွန်းများနှင့် အဖြေများ**

**မေး 1-** ကိုရိုနာဗိုင်းရပ်စ် (COVID-19) နှင့် ဆက်စပ်သည့် ပြဿနာများကြောင့် ကျွန်ုပ် အလုပ်ရပ်နားခံရလျှင် အလုပ်လက်မဲ့ အာမခံကြေးကို ကျွန်ုပ် ရရှိနိုင်ပါသလား။

**ဖြေ-** ရရှိနိုင်ပါသည်။ မိမိ အမှားကြောင့် မဟုတ်ဘဲ အလုပ်လက်မဲ့ ဖြစ်သွားသူများအတွက် အိုင်အိုဝါ ပြည်နယ် အလုပ်လက်မဲ့ ခံစားခွင့်များ ရှိပါသည်။ အလုပ်ရှင်က လုပ်ငန်းများကို ပိတ်သိမ်းရပြီး မည်သည့် အလုပ်မျှ မရှိတော့လျှင် အလုပ်လက်မဲ့ အာမခံကြေး ခံစားခွင့်ရှိသော ၎င်း၏ ဝန်ထမ်းများသည် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ရရှိပါမည်။

**မေး 2-** ကိုရိုနာ ဗိုင်းရပ်စ်ကြောင့် ကုန်ထုတ်လုပ်မှု ဆုံးရှုံးရသည့်အတွက် ကျွန်ုပ်၏ အလုပ်ရှင်က ဝန်ထမ်းများကို အလုပ်ရပ်နားလိုက်လျှင် ဝန်ထမ်းများသည် အလုပ်လက်မဲ့ အာမခံကြေး အကျိုးခံစားခွင့်များကို ရရှိနိုင်ပါသလား။

**ဖြေ-** ရရှိနိုင်ပါသည်။ မိမိ အမှားကြောင့် မဟုတ်ဘဲ အလုပ်လက်မဲ့ ဖြစ်သွားသူ မည်သူမဆို အကျိုးခံစားခွင့်များ ရရှိနိုင်ပါသည်။ ကိုရိုနာ ဗိုင်းရပ်စ်ဖြစ်ပွားသောကြောင့် ကုန်ထုတ်လုပ်ငန်း ဆုံးရှုံးရသည့်အတွက် အလုပ်ရှင်က ဝန်ထမ်းများကို အလုပ်ရပ်နားလိုက်လျှင် အလုပ်လက်မဲ့ အာမခံကြေး ခံစားခွင့်ရှိသော ၎င်း၏ ဝန်ထမ်းများသည် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ရရှိပါမည်။

**မေး 3-** ကျွန်ုပ်၏ အလုပ်ရှင်သည် COVID-19 ကြောင့် အရှုံးပေါ်နေသည့်အတွက် သို့မဟုတ် အလုပ်မရှိသည့်အတွက် ဝန်ထမ်းများကို ယာယီ အလုပ်ရပ်နားလိုက်လျှင် ဝန်ထမ်းများသည် အလုပ်လက်မဲ့ အာမခံကြေး အကျိုးခံစားခွင့်များကို ရရှိနိုင်ပါသလား။

**ဖြေ-** ရရှိနိုင်ပါသည်။ အိုင်အိုဝါပြည်နယ် ဥပဒေအရ အလုပ်မရှိချိန်တွင် ဝန်ထမ်းတစ်ဦးကို အလုပ်မှ ယာယီ ရပ်နားနိုင်သည်။

**မေး 4-** ကျွန်ုပ်၏ အလုပ်ရှင်သည် COVID-19 စောင့်ကြည့်ကာလအတွင်း ကျွန်ုပ်ကို အိမ်တွင် နေခိုင်းနိုင်ပါသလား။

**ဖြေ-** နေခိုင်းနိုင်ပါသည်။ သင်သည် ပြည်ပသို့ သွားရောက်ခဲ့ပါက သို့မဟုတ် ရောဂါကူးစက်ခံရသည့် ဒေသသို့ သွားရောက်ခဲ့သူနှင့် ထိတွေ့ခဲ့ပါက သင့်ကို 14 ရက်ကြာ အိမ်တွင် နေခိုင်းရန် လိုနိုင်ပါသည်။ အိမ်မှ အလုပ်လုပ်ခြင်း၊ နာမကျန်းခွင့်ယူခြင်း၊ လစာဖြင့် ခွင့်ယူခြင်း ("PTO")၊ မိသားစုနှင့် ဆေးခွင့် အက်ဥပဒေ ("FMLA")၊ မသန်စွမ်းမှုနှင့် အခြား ရွေးချယ်စရာများ ပံ့ပိုးပေးနိုင်မှုနှင့် စပ်လျဉ်း၍ သင့်အလုပ်ရှင်ထံ ဆက်သွယ်မေးမြန်းပါ။ လစာဖြင့် ခွင့်ယူ၍ မရနိုင်ပါက သင်သည် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ခံစားနိုင်ပါသည်။

**မေး 5-** ကျွန်ုပ်သည် ပြည်ပသို့ သွားရောက်ခဲ့သောကြောင့် သို့မဟုတ် ရောဂါကူးစက်ခံရသည့် ဒေသတစ်ခုသို့ သွားရောက်ခဲ့သူနှင့် ထိတွေ့ခဲ့ခြင်းကြောင့် ကျွန်ုပ်၏ အလုပ်ရှင်က ကျွန်ုပ်ကို အိမ်တွင် နေခိုင်းပါက ကျွန်ုပ် အနေဖြင့် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များ ရရှိနိုင်ပါသလား။

**ဖြေ-** ရရှိနိုင်ပါသည်။ သင်သည် ပြည်ပသို့ သွားရောက်ခဲ့ပါက သို့မဟုတ် ရောဂါကူးစက်ခံရသည့် ဒေသသို့ သွားရောက်ခဲ့သူနှင့် ထိတွေ့ခဲ့ပါက သင့်ကို 14 ရက်ကြာ အိမ်တွင် နေခိုင်းရန် လိုနိုင်ပါသည်။ အိမ်မှ အလုပ်လုပ်ခြင်း၊ နာမကျန်းခွင့်၊ PTO၊ FMLA၊ မသန်စွမ်းမှုနှင့် အခြားရွေးချယ်စရာများ ပံ့ပိုးပေးနိုင်မှုနှင့် စပ်လျဉ်း၍ သင့်အလုပ်ရှင်ထံ ဆက်သွယ်မေးမြန်းပါ။ လစာဖြင့် ခွင့်ယူ၍ မရနိုင်ပါက သင်သည် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ခံစားနိုင်ပါသည်။

**မေး 6-** COVID-19 ရောဂါ သံသယကြောင့် ကျွန်ုပ်သည် မဖြစ်မနေ အသွားအလာ ကန့်သတ်၍ နေထိုင်နေရပါက အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ရရှိနိုင်ပါသလား။

**ဖြေ-** ကိစ္စရပ် တစ်ခုချင်းအလိုက် အကျိုးခံစားနိုင်ခွင့်ကို ဆုံးဖြတ်ပါမည်။ COVID-19 ရောဂါ သံသယရှိမှုသည် ကျိုးကြောင်းသင့်လျော်မှုရှိပြီး အချက်အလက်များက ရောဂါ ကူးစက်နိုင်ခြေ မြင့်မားကြောင်း ပြသနေပါက သင့် အနေဖြင့် ဗိုင်းရပ်စ်ပိုး ကူးစက်ခံရခြင်း ရှိမရှိ စောင့်ကြည့်ကာလအတွက် အကျိုးခံစားခွင့်များ ရရှိနိုင်ပါသည်။ အိမ်မှ အလုပ်လုပ်ခြင်း၊ နာမကျန်းခွင့်၊ PTO၊ FMLA၊ မသန်စွမ်းမှုနှင့် အခြားရွေးချယ်စရာများ ပံ့ပိုးပေးနိုင်မှုနှင့် စပ်လျဉ်း၍ သင့်အလုပ်ရှင်ထံ ဆက်သွယ်မေးမြန်းပါ။ လစာဖြင့် ခွင့်ယူ၍ မရနိုင်ပါက သင်သည် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ခံစားနိုင်ပါသည်။

**မေး 7-** ကျွန်ုပ်သည် COVID-19 ရောဂါ ခံစားနေရပြီး အလုပ်မလုပ်နိုင်ပါက အလုပ်လက်မဲ့ အကျိုးခံစားခွင့်များ ရရှိနိုင်ပါသလား။

**ဖြေ-** ရရှိနိုင်ပါသည်။ အိမ်မှ အလုပ်လုပ်ခြင်း၊ နာမကျန်းခွင့်၊ PTO၊ FMLA၊ မသန်စွမ်းမှုနှင့် အခြားရွေးချယ်စရာများ ပံ့ပိုးပေးနိုင်မှုနှင့် စပ်လျဉ်း၍ သင့်အလုပ်ရှင်ထံ ဆက်သွယ်မေးမြန်းပါ။ သင့်အလုပ်ရှင်ထံမှ လစာဖြင့် ခွင့် မရရှိပါက သင်သည် ပြည်နယ် အလုပ်လက်မဲ့ အာမခံကြေး မရနိုင်သော်လည်း ကပ်ရောဂါကာလ အလုပ်လက်မဲ့ အကူအညီ (“PUA”) ကို ရရှိနိုင်ပါသည်။

**မေး 8**- ကျွန်ုပ်၏ အလုပ်ရှင်က ဝန်ထမ်းတစ်ဦးတွင် COVID-19 ရောဂါ တွေ့ရှိရခြင်းကြောင့် စီးပွားရေး လုပ်ငန်းများကို ပိတ်လိုက်ရပါက ကျွန်ုပ်အနေဖြင့် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များ ရရှိနိုင်ပါသလား။

**ဖြေ**- ရရှိနိုင်ပါသည်။ သင့်အနေဖြင့် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များ ရရှိနိုင်ပါသည်။

**မေးခွန်း 9**- ကျွန်ုပ်၏ အလုပ်ရှင်က COVID-19 နှင့် ဆက်စပ်သည့် ကျန်းမာရေး ကိစ္စရပ်များကြောင့် အလုပ်ပိတ်ထားရသည့်အတွက် ကျွန်ုပ် အလုပ်မလုပ်နိုင်ပါက အလုပ်ရှာဖွေမှုများ ပြုလုပ်ရန် လိုပါသလား။

**ဖြေ-** သင်သည် COVID-19 ၏ အကျိုးဆက်အဖြစ် အာမခံကြေး လျှောက်ထားမှု လုပ်ဆောင်ထားလျှင် အလုပ်ရှာဖွေရန် မလိုပါ။ သင့်အလုပ်ရှင်ထံတွင် သင်၏ အလုပ်အခြေအနေ ပြောင်းလဲသွားပြီး သင့်အနေဖြင့် အလုပ်ပြန်ဝင်ရန် အစီအစဉ် မရှိပါက ကျွန်ုပ်တို့ကို ဆက်သွယ်ပါ။

**မေး 10-** ကျွန်ုပ်၏ အလုပ်ရှင်သည် လုပ်ငန်း နှေးကွေးနေသောကြောင့် အလုပ်ချိန်ကို လျှော့ချလိုက်ပါက ကျွန်ုပ်အနေဖြင့် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ရရှိနိုင်ဆဲ ဖြစ်ပါသလား။

**ဖြေ**- ရရှိကောင်း ရရှိနိုင်ပါသည်။ အိုင်အိုဝါပြည်နယ်တွင် တစ်စိတ်တစ်ပိုင်း အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ခွင့်ပြုပေးပါသည်။ သင့်အနေဖြင့် အပတ်စဉ် အကျိုးခံစားခွင့်များကို တောင်းဆိုသောအခါ အပတ်တိုင်းတွင် ရရှိသည့် သင်၏ လုပ်ခလစာများကို တင်ပြရန်လိုပါသည်။ ဤဝင်ငွေ အမျိုးအစားတွင်- လုပ်ခလစာများ၊ အားလပ်ရက်အတွင်း ရသည့် လစာ၊ နာမကျန်းခွင့်၊ ဂျူတီဆင်းသည့်အတွက် လစာ၊ ဘောက်ဆူးများ၊ လုပ်သက်ဆုကြေးများ၊ ကော်မရှင်နှင့် ဆုချသည့် ငွေအပြင် ငွေသားမဟုတ်သည့် အခြားထောက်ပံ့မှု (ဥပမာ- နေရာထိုင်ခင်းနှင့် အစားအသောက် စီစဉ်ပေးခြင်း၊ ဆဲလ်ဖုန်းပေးထားခြင်း) တို့ပါဝင်ပါသည်။ ထောက်ပံ့ကြေး အကျိုးခံစားခွင့်ကို

လျှော့ချခြင်းမပြုမီ သင့်အနေဖြင့် သင်၏ အပတ်စဉ် အကျိုးခံစားခွင့်ပမာဏ (“ WBA”) ၏ 25 ရာခိုင်နှုန်းအထိရရှိနိုင်သည်။ သို့သော် 25 ရာခိုင်နှုန်းအောက်သာ ရရှိလျှင်ပင် ဝင်ငွေအားလုံးကို တင်ပြရန် လိုအပ်ဆဲဖြစ်ပါသည်။ 25 ရာခိုင်နှုန်းထက်ပို၍ ဝင်ငွေရရှိပါက သင်၏ ထောက်ပံ့ကြေး အကျိုးခံစားခွင့်ကို လျှော့ချပါမည်။ အကယ်၍ သင်သည် သင် WBA ထက် 15 ဒေါ်လာ သို့မဟုတ် ယင်းထက်ပိုများသော ဝင်ငွေများကို ရရှိပါက ထိုအပတ်အတွက် ထောက်ပံ့ကြေး အကျိုးခံစားခွင့် ရရှိမည်မဟုတ်ပါ။ ဥပမာ-

သင်၏ WBA သည် $400 ဖြစ်ပြီး သင်က $370 ဒေါ်လာ ဝင်ငွေရရှိလျှင်။

$400 ၏ 25 ရာခိုင်နှုန်းသည် $100 ဖြစ်ပြီး $100 ကို WBA မှ နုတ်ယူမည်မဟုတ်ပါ။

$370 - $100 = $270။ ကျန်ရှိနေသော $270 ဒေါ်လာကို WBA မှ နုတ်ယူပါသည်။

$400 - $270 = $130.

$130 သည် အဆိုပါ ရက်သတ္တပတ်အတွက် ပေးမည့် ပမာဏဖြစ်ပါသည်။

**မေး 11-** COVID-19 ကြောင့် ကျွန်ုပ် အလုပ်မှ ရပ်နားခံခဲ့ရပါသည်။ ဤအလုပ်မှ ရပ်နားခံရသည့် ကာလအတွင်း ကျွန်ုပ် အားလပ်ရက်ခွင့်အချို့ အသုံးပြုခဲ့ပါသည်။ အလုပ်လက်မဲ့ အာမခံကြေး လျှောက်ထားပါက ဤအကြောင်းကို တင်ပြရန် လိုပါသလား။

**ဖြေ-** အလုပ်လက်မဲ့ အာမခံကြေး လျှောက်ထားရန်အတွက် လစာဖြင့် အားလပ်ရက်ခွင့်ယူခြင်းကို တင်ပြနိုင်ပါသည်။ အထက်ပါအဖြေကို ကိုးကားပါ။

**မေး 12-** အိုင်အိုဝါ လုပ်သားအင်အား ဖွံ့ဖြိုးတိုးတက်ရေး (Iowa Workforce Development (“IWD”)) အနေဖြင့် ကျွန်ုပ် တင်ပြထားသည့် ကျွန်ုပ်၏ လုပ်ခလစာများ မှန်ကန်မှု ရှိမရှိ မည်သို့သိနိုင်ပါသလဲ။

**ဖြေ-** အာမခံကြေး လျှောက်ထားမှုတိုင်းကို စာရင်းစစ်ဆေးနိုင်ပါသည် သို့မဟုတ် စုံစမ်းစစ်ဆေးနိုင်ပါသည်။ သင့်အလုပ်ရှင်သည် ဝန်ထမ်းတစ်ဦးချင်းထံ ပေးချေသည့် လုပ်ခလစာများကို သုံးလတစ်ကြိမ် တင်ပြပါသည်။ IWD တွင် ကွန်ပျူတာ ပရိုဂရမ်တစ်ခုရှိပြီး ၎င်းသည် တောင်းဆိုချက်တစ်ခုကို တင်သွင်းသောအခါ ပေးထားသော လစာများနှင့် တင်ပြလာသော လစာများကို တိုက်ဆိုင်စစ်ဆေးပေးပါသည်။ သင်သည် လစာကို လိမ်လည်၍ တင်ပြ

ကြောင်း IWD မှ စစ်ဆေးတွေ့ရှိသည့်အခါ အကျိုးခံစားခွင့်များကို ပိုမိုရယူခြင်းဖြစ်မည်ဖြစ်ပြီး 15% ဒဏ်ငွေ ဆောင်ရမည်ဖြစ်ကာ နောင်အချိန်တွင်လည်း အကျိုးခံစားခွင့်များ ရရှိတော့မည်မဟုတ်ဘဲ ပြစ်မှုကြောင်းအရ တရားစွဲဆိုခံရမည်ဖြစ်ပါသည်။

**မေးခွန်း 13-** ကျွန်ုပ်သည် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူဖြစ်ပြီး ကျွန်ုပ်၏ လုပ်ငန်းကို ကပ်ရောဂါမဖြစ်ပွားမီ အခြေအနေသို့ ရောက်အောင် ပြန်လည်တည်ဆောက်ရန် အချိန်ယူရပါမည်။ ကျွန်ုပ်အနေဖြင့် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ရရှိနိုင်ဆဲဖြစ်ပါသလား။

**ဖြေ-** ရရှိကောင်း ရရှိနိုင်ပါသည်။ PUA အရ တစ်စိတ်တစ်ပိုင်း အကျိုးခံစားခွင့်များကို ရရှိနိုင်ပါသည်။ အလုပ်ချိန် လျှော့ချမှုများသည် COVID-19 အကြောင်းရင်းနှင့် သက်ဆိုင်နေသရွေ့ သင် အကျိုးခံစားခွင့်များ ရရှိနိုင်ပါသည်။ အကယ်၍ သင်သည် သင် WBA ထက် 15 ဒေါ်လာ သို့မဟုတ် ယင်းထက်ပိုများသော ဝင်ငွေများကို ရရှိပါက ထိုအပတ်အတွက် ထောက်ပံ့ကြေး အကျိုးခံစားခွင့် ရရှိမည်မဟုတ်ပါ။ လုပ်ဆောင်ခဲ့သည့် ဝန်ဆောင်မှုများအတွက် ထိုအပတ်တွင် ရရှိခဲ့သည့် စုစုပေါင်း ဝင်ငွေနှင့် သင့်ကို ငွေပေးချေခဲ့သော အပတ်ဖြစ်သည့် ကပ်ရောဂါကာလ မတိုင်မီ ရရှိခဲ့သည့် ဝင်ငွေမှန်သမျှကို တင်ပြသင့်ပါသည်။

**မေး 14-** ကျွန်ုပ်သည် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူဖြစ်ပါသည်၊ ကျွန်ုပ်၏ ဝင်ငွေက မှန်ကန်စွာ တင်ပြခြင်း ရှိမရှိ IWD က မည်သို့သိနိုင်သလဲ။ **ဖြေ-** IWD သည် တင်သွင်းထားသည့် အာမခံကြေး တောင်းဆိုချက်များကို စာရင်းစစ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပါမည်။ သင် တင်သွင်းသည့် အာမခံကြေး တောင်းဆိုမှုတိုင်းအတွက် တိကျမှန်ကန်သည့် အချက်အလက်များကို ပေးခြင်းဖြစ်ကြောင်း သင်က အတည်ပြုပေးရပါမည်။ သင်သည် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို မမှန်မကန် တောင်းဆိုခဲ့ကြောင်း တွေ့ရှိရပါက တရားမမှုဆိုင်ရာနှင့် ပြစ်မှုကြောင်းအရ ပြစ်ဒဏ်များ ခံယူရနိုင်သည်။

**မေး 15-** COVID-19 ကို သဘာဝဘေးအန္တရာယ် တစ်ခုအဖြစ် မှတ်ယူထားပါသလား။ ကျွန်ုပ်အနေဖြင့် အလုပ်လက်မဲ့ အာမခံကြေး အကျိုးခံစားခွင့်များ မရနိုင်ပါက သဘာဝဘေးကြောင့် အလုပ်လက်မဲ့ဖြစ်မှုဆိုင်ရာ အကူအညီကို ရရှိနိုင်ပါသလား။

**ဖြေ-** လူတစ်ဦးချင်း အကူအညီပေးရန်အတွက် သမ္မတက သဘာဝဘေးဟု ကြေညာထားခြင်း မရှိပါ။ အမေရိကန်

ပြည်ထောင်စု၏ သမ္မတက COVID-19 ကို နိုင်ငံတော်အဆင့် သဘာဝဘေးတစ်ခုအဖြစ် ကြေညာလိုက်ပြီး ယင်းကြောင့် အိုင်အိုဝါပြည်နယ်ရှိ ပြည်နယ်သူ ပြည်နယ်သားများ အလုပ်ဆုံးရှုံးသွားရပါက ၎င်းတို့သည် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များ နှင့်/သို့မဟုတ် သဘာဝဘေးကြောင့် အလုပ်လက်မဲ့ဖြစ်မှုဆိုင်ရာ အကူအညီ (“DUA”) ကို ရရှိနိုင်သည်။

**မေး 16**- အလုပ်တွင် ရှိနေစဉ် COVID-19 ကူးစက်ခံရပါက အကျိုးခံစားခွင့်များ ရနိုင်ပါသလား။ **ဖြေ**- အိမ်မှ အလုပ်လုပ်ခြင်း၊ နာမကျန်းခွင့်၊ PTO၊ FMLA၊ မသန်စွမ်းမှု၊ အလုပ်သမား နစ်နာကြေးနှင့် အခြားရွေးချယ်စရာများ ပံ့ပိုးပေးနိုင်မှုနှင့် စပ်လျဉ်း၍ သင့်အလုပ်ရှင်ထံ ဆက်သွယ်မေးမြန်းပါ။ လစာဖြင့် ခွင့်ယူ၍ မရနိုင်ပါက သင်သည် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ခံစားနိုင်ပါသည်။

**မေး 17**- ကျွန်ုပ်တွင် COVID-19 ရောဂါကူးစက်ခံရပြီး အလုပ်မှ ထွက်လိုက်ရပါက အကျိုးခံစားခွင့်များ ရရှိနိုင်ပါသလား။
**ဖြေ**- အလုပ်ရပ်စဲလိုက်သည့် အချက်အလက်များအပေါ် အခြေခံ၍ အခြေအနေတစ်ခုချင်းစီကို ကိုင်တွယ်ဖြေရှင်းပါမည်။ သင် အလုပ်မှ ရပ်နားခံရပြီး သို့မဟုတ် သင့်အလုပ်ရှင်နှင့် အလုပ်ရပ်စဲလိုက်ပြီး လက်ရှိတွင် သင်အလုပ်လုပ်မနေပါက အလုပ်လက်မဲ့ အာမခံကြေး အကျိုးခံစားခွင့်များကို လျှောက်ထားနိုင်ပါသည်။ အလုပ်ရပ်စဲလိုက်သည့် အကြောင်းရင်းအပေါ် မူတည်၍ ဆုံးဖြတ်ချက်ချပါမည်။ သင်သည် ပြည်နယ် အကျိုးခံစားခွင့်များ ခံစားခွင့်မရှိပါက PUA အရ အကျိုးခံစားခွင့်များကို ရရှိနိုင်ဆဲဖြစ်ပါသည်။

**မေး 18-** ကျွန်ုပ် အလုပ်ပြန်ဝင်သော်လည်း ကျွန်ုပ်၏ အလုပ်ခွင်က ဘေးကင်းလုံခြုံမှု မရှိဟု ယူဆပါက အလုပ်မှ ထွက်ပြီး အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ရရှိနိုင်သလား။ ကျွန်ုပ်တွင် ယခင် ရောဂါအခြေအနေတစ်ခု သို့မဟုတ် COVID-19 ကြောင့် ဖျားနာမှု မရှိပါ။
**ဖြေ-** သင်သည် အရင်ဆုံး သင်၏ စိုးရိမ်ပူပန်မှုများကို သင့်အလုပ်ရှင်နှင့် လိုအပ်ပါက သင့်ဆရာဝန်နှင့် ပြောဆိုဆွေးနွေးသင့်ပါသည်။ သင့်အလုပ်ရှင်က အလုပ်ခွင် ပိုမိုဘေးကင်းလုံခြုံမှုရှိစေရန် လုပ်ဆောင်နေပါက၊ ဥပမာအားဖြင့် အပို လက်ဆေးသည့်နေရာများ ထားရှိခြင်း၊ အပိုဆောင်း အလုပ်ခွင်သန့်ရှင်းမှုများ ပြုလုပ်ခြင်း၊ နှာခေါင်းစည်းများ သို့မဟုတ် လက်အိတ်များကဲ့သို့ PPE များ စီစဉ်ပေးခြင်း သို့မဟုတ် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေစေသည့် အကြံပြုချက်များကို လိုက်နာခြင်းများ ပြုလုပ်နေပါက သင် အလုပ်မှ ထွက်ရန် ရွေးချယ်လိုက်

လျှင် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ရရှိနိုင်မည်မဟုတ်ပါ။ သင့်အလုပ်ရှင်သည် ပြည်နယ် သို့မဟုတ် ဖက်ဒရယ် အစိုးရများက သင့်လုပ်ငန်းအတွက် အကြံပြုထားသည့် ဘေးကင်းလုံခြုံရေး စီမံချက်များနှင့် OSHA လမ်းညွှန်ချက်များကို လိုက်နာရန် ငြင်းဆန်ပါက သင်သည် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ရရှိနိုင်ပါသည်။ သို့ရာတွင် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို သင် ရနိုင်ခြင်း ရှိမရှိ ဆိုသည်မှာ အချက်အလက်မှန်ကန်တိကျမှုအပေါ် မူတည်ပြီး အကြောင်းကိစ္စ တစ်ခုချင်းစီကို အခြေခံ၍ ဆုံးဖြတ်ချက်ချမည် ဖြစ်ပါသည်။ သင့်အလုပ်ရှင်က အာမခံကြေး တောင်းဆိုမှုကို မဟုတ်မှန်ကြောင်း ငြင်းဆိုပါက အကျိုးခံစားခွင့်များကို ထုတ်မပေးမီ ဖြစ်ရပ်မှန် ရှာဖွေဖော်ထုတ်သည့် တွေ့ဆုံမေးမြန်းမှုတစ်ခု ပြုလုပ်ရန် လိုပါမည်။ သင် ခံစားခွင့်ရှိသည့် မည်သည့် အလုပ်လက်မဲ့ အကျိုးခံစားခွင့် အမျိုးအစားအတွက်မဆို ယင်းက မှန်ကန်ပါသည်။

**မေး 19**- ကျွန်ုပ်၏ အလုပ်ခွင်သည် ဘေးကင်းလုံခြုံမှု မရှိဟု ထင်ပြီး ကျွန်ုပ်တွင် COVID-19 ရောဂါကူးစက်နိုင်ခြေမြင့်မားစေသည့် ယခင် ကျန်းမာရေးအခြေအနေတစ်ခု သို့မဟုတ် လက်ရှိ ရောဂါအခံတစ်ခု ရှိနေပါက ဘာလုပ်ရမလဲ။ ကျွန်ုပ် အလုပ်မှထွက်ပြီး အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ဆက်လက်ရရှိနိုင်ပါသလား။

**ဖြေ**- သင့်စိုးရိမ်ပူပန်မှုများကို သင်၏ ဆရာဝန်နှင့် အလုပ်ရှင်တို့အား ပြောပြသင့်ပါသည်။ သင့်ဆရာဝန်က သင်၏ ယခင် ကျန်းမာရေး အခြေအနေကြောင့် သင့်အတွက် သင့်တော်သော အစီအစဉ်တစ်ခု ပြုလုပ်ပေးရန် တောင်းဆိုထားသည်ကို သင့်အလုပ်ရှင်က ငြင်းဆန်ပါက သို့မဟုတ် သင့်အတွက် ဘေးကင်းသော အလုပ်ခွင် (အိမ်မှာနေ၍ အလုပ်လုပ်စေခြင်းကဲ့သို့) ကို မရရှိနိုင်ဘဲ သင့်အလုပ်ရှင်က သင့်ကို ဆက်လက်ခွင့်ပေးရန် ငြင်းဆန်နေသောကြောင့် သင် အလုပ်မှထွက်ရန် ရွေးချယ်လိုက်ပါက အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ရရှိနိုင်ပါသည်။

**မေး 20**- COVID-19 ကူးစက်ခံရမှာ စိုးသောကြောင့် အလုပ်ဆင်းရန် သို့မဟုတ် ကျွန်ုပ်၏ အလုပ်ကို လုပ်ရန် စိုးရိမ်ကြောက်ရွံ့နေပါက ဘယ်လိုလုပ်ရမလဲ။ ကျွန်ုပ်တွင် ရောဂါအခံမရှိပါ။ ဤကပ်ရောဂါ ဖြစ်ပွားနေစဉ် အလုပ်မလုပ်လိုခြင်းသာ ဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် အလုပ်မှ ထွက်လိုက်ပါက သို့မဟုတ် အလုပ်လုပ်ရန် ငြင်းဆန်ပါက အကျိုးခံစားခွင့်များကို ရရှိနိုင်ပါသလား။

**ဖြေ**- သင့်အနေဖြင့် အလုပ်မတက်ရန် သို့မဟုတ် အလုပ်ပြန်မဝင်ရန် ရွေးချယ်လိုက်ပါက ယင်းကို မိမိဆန္ဒအလျောက် အလုပ်ထွက်ခြင်း၊ အလုပ်ကို စွန့်လွှတ်ခြင်း သို့မဟုတ် အလုပ်ပြန်ဝင်ရန် ငြင်းဆန်ခြင်းဟု မှတ်ယူပါမည်။ အိမ်မှ အလုပ်လုပ်ခြင်း၊ နာမကျန်းခွင့်၊ PTO၊ FMLA၊ မသန်စွမ်းမှုနှင့် အခြားရွေးချယ်စရာများ ပံ့ပိုးပေး

နိုင်မှုနှင့် စပ်လျဉ်း၍ သင့်အလုပ်ရှင်ထံ ဆက်သွယ်မေးမြန်းပါ။ လစာဖြင့် ခွင့်ယူနိုင်ခြင်း မရှိပါက သင် ဆက်လက်အလုပ်လုပ်ရမည်ဖြစ်ပြီး ထိုသို့မဟုတ်ဘဲ အလုပ်မှ ထွက်လိုက်ပါက အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ရရှိနိုင်မည်မဟုတ်ပါ။

ပြည်နယ် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို သင် မရရှိနိုင်ပါက PUA ကို လျှောက်ထားနိုင်ပါသည်။ သင့်အနေဖြင့် အလုပ်လုပ်ရန် ငြင်းဆန်နိုင်ပြီး PUA အတွက် အလုပ်လက်မဲ့ အကျိုးခံစားခွင့် ရရှိနိုင်သည့် အကြောင်းရင်းအချို့တွင် အောက်ပါတို့ အကန့်အသတ်မရှိ ပါဝင်သည်-

1. သင့်တွင် COVID-19 ရောဂါရှိကြောင်း တွေ့ရှိခဲ့ခြင်း သို့မဟုတ် ရောဂါလက္ခဏာများ ခံစားနေရခြင်း။
2. သင်၏ မိသားစုဝင်တစ်ဦးတွင် COVID-19 ရောဂါရှိကြောင်း တွေ့ရှိခဲ့ခြင်း။
3. သင်သည် COVID-19 ရောဂါရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့် မိသားစုဝင် တစ်ဦးကို စောင့်ရှောက်နေရခြင်း။
4. သင် သို့မဟုတ် သင်၏မိသားစုဝင်တစ်ဦးသည် ရောဂါကူးစက်နိုင်ခြေ မြင့်မားနေခြင်းနှင့် COVID-19 နှင့် ဆက်စပ်၍ စိုးရိမ်ရမှုများကြောင့် သင်၏ ကျန်းမာရေး စောင့်ရှောက်ပေးသူက သင်တစ်ဦးတည်း အသွားအလာကန့်သတ်၍ နေထိုင်ရန် အကြံပေးထားခြင်း။
5. သင့်အနေဖြင့် COVID-19 နှင့် ဆက်စပ်၍ လိုအပ်သည့် ကလေးသူငယ် စောင့်ရှောက်မှု ပေးနိုင်စွမ်းမရှိခြင်း။
6. COVID-19 နှင့် ဆက်စပ်သည့် အသွားအလာကန့်သတ်၍ နေထိုင်ရမှုကြောင့် အလုပ်ခွင်သို့ မလာရောက်နိုင်ခြင်း။
7. သင့်အနေဖြင့် COVID-19 ရောဂါ ခံစားရပြီးနောက် ပြန်လည် ကောင်းမွန်လာပြီဖြစ်သော်လည်း အဆိုပါရောဂါ၏ နောက်ဆက်တွဲများကြောင့် သင်၏ အဓိက အလုပ်တာဝန်များကို ကျိုးကြောင်း သင့်လျော်စွာ ဆောင်ရွက်နိုင်မှု မရှိခြင်း။

PUA လျှောက်ထားပုံဆိုင်ရာ နောက်ထပ် အချက်အလက်များနှင့် ညွှန်ကြားချက်များ ကို- https://www.iowaworkforcedevelopment.gov/pua-information တွင် ရရှိနိုင်

ပါသည်

**မေး 21-** ကျွန်ုပ် အလုပ်လုပ်၍ ရသည့်ငွေထက် အလုပ်လက်မဲ့ အာမခံကြေးက ပိုများသည်ဟု ထင်ပါက အလုပ်လက်မဲ့အဖြစ် ဆက်နေရန် ဆုံးဖြတ်၍ ရပါသလား။

**ဖြေ-** မရပါ။ အကျိုးခံစားခွင့်များကို ရရှိရန် သင့်ကို သင့်အလုပ်ရှင်မှ အလုပ်ရပ်နားစေခြင်း၊ ယာယီ အလုပ်မှ ရပ်နားစေခြင်း သို့မဟုတ် အလုပ်ချိန်လျှော့ချခြင်း ပြုလုပ်ခံရမည်။ သင်သည် လစာဖြင့် ခွင့် မရရှိဘဲ အလုပ်ဆက်လုပ်ခြင်း မရှိပါက၊ အလုပ်လုပ်ရန် ငြင်းဆန်ပါက သို့မဟုတ် အလုပ်ပြန်ဝင်ရန် ငြင်းဆန်ပါက သင့်အနေဖြင့် အကျိုးခံစားခွင့်များ ရရှိမည်မဟုတ်ပါ။ အလုပ်လက်မဲ့ အကျိုးခံစားခွင့်များ ရရှိရန် ရည်ရွယ်ချက်တစ်ခုတည်းအတွက် အလုပ်မှ ထွက်ခြင်းသည် လိမ်လည်မှုဖြစ်ပြီး အကျိုးခံစားခွင့်များ ဆုံးရှုံးရနိုင်သည့်အပြင် ပြစ်မှုဆိုင်ရာနှင့် တရားမမှုဆိုင်ရာ ပြစ်ဒဏ်များ ခံရနိုင်သည်။

**မေး 22-** ကျွန်ုပ်ကို အလုပ်လက်မဲ့ အာမခံကြေး အကျိုးခံစားခွင့်များ ပေးထားပြီး နောက်ပိုင်းတွင် ထို အကျိုးခံစားခွင့်များကို ကျွန်ုပ် ခံစားခွင့်မရှိဟု ဆုံးဖြတ်လိုက်ပါက ကျွန်ုပ် ရရှိထားသည့် အကျိုးခံစားခွင့်များကို ပြန်ပေးရန် လိုပါသလား။

**ဖြေ-** ရရှိနိုင်ပါသည်။ အပြီးသတ် ဆုံးဖြတ်ချက်အရ သင့်အနေဖြင့် အကျိုးခံစားခွင့်မရှိဟု ဆုံးဖြတ်လိုက်ပါက ထို အကျိုးခံစားခွင့်များကို ပြန်ပေးရပါမည်။

**မေး 23-** ကျွန်ုပ်သည် ကျွန်ုပ်၏ အာမခံကြေး တောင်းဆိုမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ အချက်အလက်များကို ထိမ်ချန်ထားခြင်းဖြင့် လိမ်လည်မှု ကျူးလွန်ခဲ့သည်ဟု ဆုံးဖြတ်လိုက်ပါက ဘာဖြစ်လာမှာလဲ။

**ဖြေ-** သင်သည် အလုပ်လက်မဲ့ အာမခံကြေး အကျိုးခံစားခွင့်များ ရရှိရန် လိမ်လည်မှု ကျူးလွန်ခဲ့သည်ဟု ဆုံးဖြတ်လိုက်ပါက သင့်ကို ပြစ်မှုဆိုင်ရာ တရားစွဲဆိုရန် လွှဲပြောင်းပေးပါမည်။ ထိုအကျိုးခံစားခွင့်များကို သင်ပြန်မပေးမချင်း အကျိုးခံစားခွင့်များကို ပြန်လည်လျှောက်ထားနိုင်ခြင်း မရှိသလို မမှန်မကန် ရယူထားသည့် အကျိုးခံစားခွင့်များအတွက် ဖက်ဒရယ်အစိုးရက ပြဋ္ဌာန်းထားသည့် ဒဏ်ငွေ 15% ကိုလည်း ပေးဆောင်ရပါမည်။

**မေး 24-** လက်ရှိတွင် ကျွန်ုပ်သည် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ရရှိနေပြီး COVID-19 ကြောင့် ကုမ္ပဏီများက အလုပ်မခန့်သဖြင့် အလုပ်ရှာ၍ မရနိုင်ပါက ထပ်တိုး အကျိုးခံစားခွင့် ရရှိနိုင်ပါသလား။

**ဖြေ**- CARES အက်ဥပဒေတွင် ကပ်ရောဂါ အရေးပေါ်ကာလအတွင်း အလုပ်လက်မဲ့ နစ်နာကြေး ပေးသည့် အစီအစဉ် (“PEUC”) ပါဝင်ပါသည်။ ထိုအစီအစဉ်သည် ပြည်နယ် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များ ကုန်ဆုံးသွားပြီး ၎င်းတို့၏ အာမခံကြေး လျှောက်ထားမှု သက်တမ်းမကုန်သေးသည့် လျှောက်ထားသူများအတွက် အကျိုးခံစားခွင့်များ ထပ်တိုးပေးသည့် အစီအစဉ်ဖြစ်ပါသည်။ နောက်ထပ် အချက်အလက်များအတွက်- https://www.iowaworkforcedevelopment.gov/peuc-information သို့ သွားပါ။

**မေး 25-** ကျွန်ုပ်တွင် COVID-19 ရောဂါရှိကြောင်း စစ်ဆေးတွေ့ရှိ၍ ဆေးရုံတက်ခြင်း နှင့်/သို့မဟုတ် အသွားအလာကန့်သတ်၍ နေထိုင်ခြင်း ပြုလုပ်ခဲ့သည်။ ကျွန်ုပ်၏ အလုပ်ရှင်က ကျွန်ုပ်ကို အလုပ်မတက်သည့်အတွက် သို့မဟုတ် ၎င်းတို့ကို အကြောင်းမကြားသည့်အတွက် အလုပ်ထုတ်ခဲ့သည်။ ဤအခြေအနေတွင် ကျွန်ုပ်အနေဖြင့် အကျိုးခံစားခွင့်များ ရရှိနိုင်ပါသလား။
**ဖြေ**- ဤအခြေအနေကို အလုပ်မှ ရပ်စဲခြင်းဟု မှတ်ယူပြီး အိုင်အိုဝါပြည်နယ် အလုပ်လက်မဲ့ ဥပဒေနှင့်အညီ စစ်ဆေးဆုံးဖြတ်ပါမည်။ ပြည်နယ် ဥပဒေအရ သင် အကျိုးခံစားခွင့်မရှိပါက PUA အောက်ရှိ အကျိုးခံစားခွင့်များကို သင် ခံစားခွင့် ရှိနိုင်ပါသည်။

**မေး 26-** ကျွန်ုပ်ကို COVID-19 ရောဂါ ကူးစက်နိုင်ခြေရှိသည်ကို ကျွန်ုပ်၏ အလုပ်ရှင်က သိရှိ၍ ကျွန်ုပ်ကို 2 ပတ်ကြာ အလုပ်မလာရန် ပြောသည်။ ကျွန်ုပ်၏ အလုပ်ရှင်က ကျွန်ုပ်ကို အလုပ်မလာခိုင်းသောကြောင့် ကျွန်ုပ်အနေဖြင့် အကျိုးခံစားခွင့်များကို ရရှိနိုင်ပါသလား။ **ဖြေ**- သင့်ကို အလုပ်ပြန်မဝင်ခိုင်းသည့် အချိန်အတောအတွင်း မည်သည့်ခွင့် ယူနိုင်သည်ကို သင့်အလုပ်ရှင်နှင့် ဆွေးနွေးသင့်ပါသည်။ လစာဖြင့် ခွင့်ယူ၍ မရနိုင်ပါက သင်သည် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ခံစားနိုင်ပါသည်။

**မေး 27**- ကျွန်ုပ်၏ မှီခိုသူ၊ မိသားစုဝင် သို့မဟုတ် ကလေး၏ ကျောင်း ပိတ်ထားပြီး ကျွန်ုပ်က အိမ်တွင်နေ၍ ၎င်းတို့ကို စောင့်ရှောက်ရမည်ဆိုပါက ကျွန်ုပ်အနေဖြင့် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များ ရရှိနိုင်ပါသလား။
**ဖြေ**- အိမ်မှ အလုပ်လုပ်နိုင်ခြင်း ရှိမရှိနှင့် စပ်လျဉ်း၍ သင့်အလုပ်ရှင်ထံ ဆက်သွယ်မေးမြန်းပါ။ သင်သည် မိသားစုများ၏ ကနဦး ကိုရိုနာဗိုင်းရပ်စ် တုံ့ပြန်ဆောင်ရွက်ရေး အက်ဥပဒေ (FFCRA) အရ နှစ်ပတ်ကြာ လစာဖြင့် ခွင့်ရရှိနိုင်သည်။ သင့်အလုပ်ရှင်ထံ ဆက်သွယ်ပြီး သင့်အခြေအနေနှင့် ပတ်သက်၍ လိုအပ်သော

အထောက်အထားများ တင်ပြရမည်။ အိမ်မှ အလုပ်လုပ်၍ မရပါက သို့မဟုတ် လစာဖြင့် ခွင့်ကို မရနိုင်ပါက သင်သည် အလုပ်လက်မဲ့ အာမခံကြေး အကျိုးခံစားခွင့်များကို လျှောက်ထားနိုင်ပါသည်။ သင့်အနေဖြင့် ပြည်နယ် အကျိုးခံစားခွင့်များကို မရနိုင်သော်လည်း PUA အရ အကျိုးခံစားခွင့်များကို ခံစားနိုင်ဆဲဖြစ်ပါသည်။

**မေး 28-** ယခင် အလုပ်ရပ်စဲလိုက်မှုကြောင့် သို့မဟုတ် COVID-19 ဖြစ်ပွားသည့်အတွက် အလုပ်မလုပ်နိုင်သောကြောင့် ပြည်နယ် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို မရရှိနိုင်သော်လည်း CARES အက်ဥပဒေအရ အကျိုးခံစားခွင့်များကို ရရှိနိုင်ဆဲဖြစ်သလား။

**ဖြေ-** ရရှိကောင်း ရရှိနိုင်ပါသည်။ ပြည်နယ်ကပေးသည့် အကျိုးခံစားခွင့်များကို သင် မရရှိပါက PUA ကို လျှောက်ထားရန် လိုပါသည်။ နောက်ထပ် အချက်အလက်များအတွက်- https://www.iowaworkforcedevelopment.gov/pua-information သို့ သွားရောက်ပါ။ "ဝင်ငွေ အထောက်အထား တင်ပြမည်"ကို ရွေးချယ်သောအခါ သင်သည် အဆင့် 3 သို့ သွား၍ စစ်တမ်းမေးခွန်းလွှာကို ဖြည့်ရပါမည်။

**မေး 29**- ကျွန်ုပ်တွင် အကျိုးခံစားခွင့်ရှိပါက ထပ်ဆောင်း $600 ထောက်ပံ့မှုကို မည်သည့်အချိန်တွင် ရရှိနိုင်မည်လဲ။

**ဖြေ**- $600 ထောက်ပံ့ကြေးကို သင်တန်းတက်ရောက်ခြင်းဆိုင်ရာ ထပ်တိုး အကျိုးခံစားခွင့်များနှင့် လုပ်ငန်းပိတ်ချိန် အကျိုးခံစားခွင့်များမှလွဲ၍ အလုပ်လက်မဲ့ အကျိုးခံစားခွင့် အများဆုံး ပါဝင်သည့် သတ်မှတ်ချက်ပြည့်မီမှု အရှိဆုံး အာမခံကြေး တောင်းဆိုမှုများတွင် စတင် ထုတ်ပေးထားပါသည်။ သင့်အကျိုးခံစားခွင့်များမှ အခွန်များ နုတ်ယူခွင့်ပြုရန် ရွေးချယ်လိုက်ပါက သင်၏ အာမခံကြေး လျော့နည်းသွားပါမည်။ ထပ်ဆောင်း $600 ရရှိရန် သင်၏ အာမခံကြေး တောင်းဆိုမှုက သတ်မှတ်ချက်ပြည့်မီသည်ဟု သင် ယုံကြည်သော်လည်း ၎င်းကို မရရှိခဲ့ပါက uiclaimshelp@iwd.iowa.gov တွင် ကာစတန်မာ ဝန်ဆောင်မှုသို့ ဆက်သွယ်ပါ။

**မေး 30-** ကျွန်ုပ်သည် $600 ထောက်ပံ့ကြေးကို ခံစားခွင့်ရှိ၍ လက်ခံရရှိခဲ့ပါက အလုပ်လုပ်မဲ့ အာမခံကြေး အပြည့်အဝကို ဆက်လက်ရရှိနိုင်ဆဲဖြစ်သလား။ **ဖြေ**- ဆက်လက်ရရှိနိုင်ပါသည်။ $600 ထောက်ပံ့ကြေးသည် အလုပ်လက်မဲ့ အာမခံကြေးအပြင် ထပ်ဆောင်းရရှိသည့် အကျိုးခံစားခွင့်ဖြစ်ပြီး အပတ်စဉ် သင် ရရှိမည့် အကျိုးခံစားခွင့်မှ နုတ်ယူမည်မဟုတ်ပါ။

**မေး 31-** ကျွန်ုပ်သည် အပတ်စဉ် ထောက်ပံ့ကြေး $600 သို့မဟုတ် အခြား ဖက်ဒရယ်အစိုးရ၏ စီးပွားရေး ပြန်လည်ကောင်းမွန်လာရန် ထောက်ပံ့သည့် အကျိုးခံစားခွင့် တစ်ခုခုကို ရရှိထားပြီး နောက်ပိုင်းတွင် ၎င်းကို ကျွန်ုပ် မရရှိသင့်ဟု ဆုံးဖြတ်လိုက်ပါက ထိုငွေများကို ပြန်ပေးရမည်လား။

**ဖြေ-** ပြန်ပေးရပါမည်။ သင် ရရှိထားသည့် အလုပ်လက်မဲ့ အာမခံကြေး မှန်သမျှကို နောင်တွင် သင့်အနေဖြင့် ရရှိရန် သတ်မှတ်ချက် ပြည့်မီခြင်းမရှိဟု ဆုံးဖြတ်လိုက်ပါက ၎င်းတို့ကို ပြန်ပေးရန် လိုပါသည်။

**မေး 32**: ကျွန်ုပ်သည် ပြည်နယ် သို့မဟုတ် ဖက်ဒရယ်အစိုးရ အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို မရရှိနိုင်ပါက ဖက်ဒရယ်အစိုးရ၏ စီးပွားရေး ပြန်လည်ကောင်းမွန်လာအောင် ထောက်ပံ့သည့် ငွေ $600 ကို အပတ်စဉ် ရရှိနိုင်ဆဲဖြစ်ပါသလား။

**ဖြေ-** မရနိုင်ပါ။ သင်သည် အပတ်စဉ် ထောက်ပံ့သည့် အပိုဆောင်း $600 ကို ရရှိရန် ပြည်နယ် သို့မဟုတ် ဖက်ဒရယ် အစိုးရ အလုပ်လက်မဲ့ အာမခံကြေး အကျိုးခံစားခွင့်များကို ရရှိထားရမည်။

**မေး 33-** လိုအပ်ပါက ဖုန်းမှတစ်ဆင့် RESEA နှင့်/သို့မဟုတ် Promise Jobs ချိန်းဆိုမှုများကို လုပ်ဆောင်နိုင်ပါသလား။

**ဖြေ-** ကျွန်ုပ်တို့သည် အစီအစဉ်များနှင့် ဝန်ဆောင်မှုပေးခြင်းအတွက် နည်းပညာအသုံးပြုမှုနှင့် ပတ်သက်ပြီး လမ်းညွှန်ချက်အတိုင်း လုပ်ဆောင်နေပြီး အစီအစဉ် ရရှိနိုင်သည့်နှင့် ချက်ချင်း အသိပေးပါမည်။

**မေး 34**- ကောလိပ်များကို ဆက်ပိတ်ထားပါက သို့မဟုတ် အွန်လိုင်းမှသာ သင်ကြားပေးပါက ယင်းသည် ဒေသတွင်း ရုံးမှသည် မိတ်ဖက် ဝန်ထမ်းများအထိအပေါ် မည်သို့သက်ရောက်နိုင်သလဲ။

**ဖြေ**- Title I အရွယ်ရောက်သူ၊ အလုပ်မှ ဖယ်ရှားခံရသည့် အလုပ်သမားနှင့် လူငယ်များဆိုင်ရာ အစီအစဉ်များ အပြင် ကုန်သွယ်မှု ချိန်ညှိပြင်ဆင်ရေး အကူအညီ (“TAA”) အစီအစဉ်များသည် ဤမကြုံစဖူး အချိန်ကာလအတွင်း အိုင်အိုဝါ ပြည်နယ်သူ ပြည်နယ်သားများအတွက် ဝန်ဆောင်မှုများ ဆက်လက်ပံ့ပိုးပေးမည်ဖြစ်သည်။ ဝန်ဆောင်မှုများကို အွန်လိုင်းနှင့် ဖုန်းမှတစ်ဆင့် သက်ဆိုင်သလို ပံ့ပိုးပေးသင့်ပါသည်။

**မေး 35-** ကောလိပ်ကျောင်းများသည် ကျောင်း ပိတ်ပြီး သင်ခန်းစာများကို အွန်လိုင်းမှသာ ပြောင်းလဲ ပို့ချမည်ဟု ယူဆထားပါသည်။ ခေါင်းစဉ် I မိတ်ဖက်များက ထိုအမိန့်ကို လိုက်နာပြီး စင်တာများသို့ မလာရောက်လျှင် မည်သို့ ဖြစ်ပွားမည်နည်း။

**ဖြေ**- ခေါင်းစဉ် I အောက်တွင် အကျုံးဝင်သော အရွယ်ရောက်ပြီးသူ၊ အလုပ် ကမောက်ကမ ဖြစ်သွားသည့် အလုပ်သမားနှင့် လူငယ် အစီအစဉ်များအပြင် TAA အစီအစဉ်သည် ဤမကြုံစဖူး အချိန်ကာလအတွင်း ဝန်ဆောင်မှုများကို ဆက်လက် ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။ ဝန်ဆောင်မှုများကို အွန်လိုင်းနှင့် ဖုန်းမှတစ်ဆင့် သက်ဆိုင်သလို ပံ့ပိုးပေးသင့်ပါသည်။

**မေး 36**- ကျွန်ုပ်သည် နွေဦးရာသီ ကျောင်းပိတ်ချိန်အတွက် ပိတ်ထားသည့် ကျောင်းမှ ဆရာတစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ်သည် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ရရှိနိုင်ပါသလား။ **ဖြေ**- မရနိုင်ပါ။ သင် လက်မှတ်ထိုး သဘောတူထားသည့် စာချုပ်အရဖြစ်စေ၊ ကျိုးကြောင်းဆီလျော်မှုရှိသော အာမခံ စည်းမျဉ်းများအရဖြစ်စေ သတ်မှတ် ကျောင်းပိတ်ချိန်အတွင်း ဆိုလျှင် ခံစားခွင့် မရနိုင်ပါ။ သင်သည် နွေဦးရာသီ ကျောင်းပိတ်ရက် နောက်ပိုင်း အလုပ် မရှိတော့သည့်အတွက် ခံစားခွင့်များကို ဖြည့်စွက် လျှောက်ထားနေခြင်း ဖြစ်လျှင် သင့် အလုပ်ရှင်ထံမှ လစာဖြတ်ပိုင်းကို မရရှိတော့သည့် အချိန်မှသာလျှင် သင်သည် အကျိုးခံစားခွင့်များကို ရရှိနိုင်ပါမည်။

သို့ရာတွင် သင့် အလုပ်ရှင်က သင့်ကို အလုပ်ပြန်ဆင်းခိုင်းလျှင် သင် အလုပ်ပြန်ဆင်းနိုင်ရပါမည်။ အလုပ်ပြန် ဆင်းခိုင်းချိန်တွင် သင် အလုပ်ပြန်မဆင်းနိုင်လျှင် အကျိုးခံစားခွင့်များအတွက် သင်၏ အရည်အချင်း

ပြည့်မီမှုသည် အငြင်းပွားဖွယ် ဖြစ်လာနိုင်ပါသည်။

**မေး 37**- ကျွန်ုပ်သည် ပုံမှန် သတ်မှတ်ထားသည့် ကျောင်းပိတ်ချိန်ကြောင့် မဟုတ်ဘဲ COVID-19 ကြောင့် အလုပ်မသွားရသော ဆရာတစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ်၏ ကျောင်းကို ပိတ်ထားစဉ် အလုပ်လက်မဲ့ အာမခံ အကျိုးခံစားခွင့်များကို ကျွန်ုပ် ရရှိနိုင်ပါသလား။

**ဖြေ-** ရရှိကောင်း ရရှိနိုင်ပါသည်။ ကျောင်းက သင့်ကို လစာ ဆက်လက် ပေးမည်ဆိုလျှင် ဤအချိန်အတွင်း သင်၏ အပတ်စဉ် ဝင်ငွေကို အစီရင်ခံရန် လိုအပ်ပြီး ထိုသို့ ရရှိနေခြင်းက အကျိုးခံစားခွင့်များ ရရှိရန် သတ်မှတ်သည့် ဝင်ငွေပမာထက် အလွန် များနေနိုင်သည်။ ခရိုင်ကျောင်းက သင့်ကို လစာ မပေးလျှင် သင်သည် အကျိုးခံစားခွင့် များ ရရှိရန် အလားအလာ ရှိပါသည်။ သို့ရာတွင် သင့်အလုပ်ရှင်က သင့်ကို အလုပ်ပြန်ဆင်းခိုင်းလျှင် သင်သည် အလုပ်ပြန်ဆင်းရပါမည်။ သို့မဟုတ်ပါက သင်၏ အရည်အချင်း ပြည့်မီမှုသည် အငြင်းပွားဖွယ် ဖြစ်လာနိုင် ပါသည်။

**မေးခွန်း 38**- ကျွန်ုပ်သည် လက်ထောက် ဆရာ/အကူ ဆရာတစ်ဦး ဖြစ်ကာ ကျွန်ုပ်၏ကျောင်းမှာ ပိတ်ထား ပါသည်။ ကျွန်ုပ်၏ ကျောင်းကို ပိတ်ထားသည့်အချိန်တွင် ကျွန်ုပ်ကို လစာပေးမည် မဟုတ်ပါ။ အလုပ်လက်မဲ့ အာမခံ အကျိုးခံစားခွင့်များအတွက် ကျွန်ုပ်က အရည်အချင်းပြည့်မီပါသလား။

**ဖြေ**- သင်သည် နွေရာသီ ကျောင်းပိတ်ရက်သတ္တပတ်ကဲ့သို့ ပုံမှန် စီစဉ်သတ်မှတ်ထားသော ကျောင်းပိတ်ချိန်ကို ခံစားနေခြင်း ဖြစ်လျှင် သင်သည် ထိုရက်သတ္တပတ်အတွက် အရည်အချင်းပြည့်မီမည် မဟုတ်ပါ။ သင်သည် ပုံမှန် စီစဉ်သတ်မှတ်မထားသည့် ကျောင်းပိတ်ချိန်မျိုးကို တွေ့ကြုံနေရခြင်း ဖြစ်လျှင် အကျိုးခံစားခွင့်များအတွက် အရည်အချင်း ပြည့်မီပါသည်။ သို့ရာတွင် သင့် အလုပ်ရှင်က သင့်ကို အလုပ်ပြန်ဆင်းခိုင်းလျှင် သင် အလုပ်ပြန် ဆင်းနိုင်ရပါမည်။ အလုပ်ပြန်ဆင်းခိုင်းချိန်တွင် သင် အလုပ်ပြန်မဆင်းနိုင်လျှင် အကျိုးခံစားခွင့်များအတွက် သင်၏ အရည်အချင်း ပြည့်မီမှုသည် အငြင်းပွားဖွယ် ဖြစ်လာနိုင်ပါသည်။

**အပ်ဒိတ်-** ယခုအချိန်တွင် IWD သည် ကိုဗစ် 19 နှင့် ဆက်စပ်သည့် အလုပ်လက်မဲ့ဖြစ်မှုများကြောင့် ၎င်းတို့၏ ဝန်ထမ်များက တောင်းဆိုသော နစ်နာကြေးများကို အလုပ်ရှင်များထံမှ ကောက်ခံမည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် အလုပ်လက်မဲ့ အာမခံကြေးဆိုင်ရာ ထိန်းသိမ်းထားသည့် ရန်ပုံငွေ လက်ကျန်ကို သုံးစွဲရမည့် အခြေအနေတစ်ရပ်

ကို သတ်မှတ်ထားပြီး ဖြစ်ကာ ထိုအခြေအနေတွင် သက်ဆိုင်ရာ အလုပ်လက်မဲ့ အာမခံကြေး တောင်းဆိုမှုများ အတွက် အလုပ်ရှင်များ၏ အကောင့်များထဲမှ ကောက်ခံရန် လိုအပ်ပေမည်။ ကျွန်ုပ်တို့အနေဖြင့် $950M အရောက် တွင် ငွေစတင်ကောက်ခံရန် သတ်မှတ်ထားပြီး လက်ရှိ အပ်နှံထိန်းသိမ်းထားသည့် ရန်ပုံငွေ လက်ကျန်မှာ $1.10B တစ်နည်းအားဖြင့် ငွေစတင်ကောက်ခံမည့် ပမာဏဖြစ်သော $950 သန်းထက် $180 သန်း ပိုများပါသည်။ ဤ ဆုံးဖြတ်ချက်ကို ချမှတ်ရသည့် အကြောင်းမှာ အပ်နှံထိန်းသိမ်းထားသည့် ရန်ပုံငွေလက်ကျန်အပေါ် အဓိက အခြေခံထားသည့် အလုပ်လက်မဲ့အခွန်နှုန်းထားတွင် ကြုံတွေ့ရနိုင်သည့် အခွန်အခ တိုးမြင့်မှုမှန်သမျှကို နည်းနိုင်သမျှ နည်းအောင် လျှော့ချခြင်းဖြင့် ကျွန်ုပ်တို့၏ လုပ်ငန်းများ ပြန်လည်ထူထောင်ရာတွင် အထောက်အကူဖြစ်စေရန် ဖြစ်ပါသည်။ CARES အက်ဥပဒေတွင် ကိုယ်ပိုင်လုပ်ငန်း များအတွက် နစ်နာကြေး တောင်းဆိုမှုများနှင့် ပတ်သက်ပြီး ပြဋ္ဌာန်းထားပြီးဖြစ်ကာ အပတ်စဉ် $600 အကျိုးခံစား ခွင့် ထောက်ပံ့မှုကို အပ်နှံထိန်းသိမ်းထားသည့် ရန်ပုံငွေထဲမှ ထုတ်ပေးမည်မဟုတ်ပါ။

နောက်ထပ် အချက်အလက်များကို iowaworkforcedevelopment.gov တွင် တွေ့နိုင်သည်။ ကျွန်ုပ်တို့ လက်ခံရရှိသမျှ အချက်အလက်အားလုံးကို နေ့စဉ် အပ်ဒိတ်လုပ်သဖြင့် ကျွန်ုပ်တို့၏ စာမျက်နှာကို နေ့စဉ် လာရောက် စစ်ဆေးပါ။

ကျွန်ုပ်တို့ လက်ခံရရှိထားသည့် အခြေခံမေးခွန်းများကို ဖြေကြားရာတွင် အထောက်အကူ ဖြစ်စေရန် အထက်ပါ အမေးနှင့် အဖြေများကို ပြုလုပ်ထားခြင်း ဖြစ်ပါသည်။ ဤလမ်းညွှန်ချက်အတွင်းရှိ မည်သည့်အရာကမှ ဥပဒေ ရေးရာ အကြံပြုချက် မဟုတ်သလို ဥပဒေရေးရာ ကိစ္စရပ်အတွက် အသုံးပြုရန်လည်း ရည်ရွယ်ထားခြင်း မဟုတ် ပါ။ သင့်တွင် မေးခွန်းများရှိနေပါက အိုင်အိုဝါ ဥပဒေ § 96 ၌ တွေ့နိုင်သည့် အိုင်အိုဝါပြည်နယ် အလုပ်အကိုင် လုံခြုံရေး ဥပဒေကို ကိုးကားပါ။ နောက်ထပ် လမ်းညွှန် ချက်နှင့် အချက်အလက်ကိုလည်း ဖက်ဒရယ် အလုပ်သမားရေးရာ ဌာန၏ ဝဘ်ဆိုဒ်ဖြစ်သော www.dol.gov/coronavirus ၌ တွေ့နိုင်ပါသည်။

ဧပြီလ 30 ရက်၊ 2020 တွင် နောက်ဆုံး ပြင်ဆင်ခဲ့သည်